# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 12 , 2022 Volume 57, Number 10


၁၂.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၇၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၆၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၃၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးကုန်စည်ဒိုင်၏ ဩဂုတ်လပထမပတ် ပြောင်းဈေးမြင့်တက်လာ

ဩဂုတ်လပထမပတ် မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအထက်ပိုင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ပြောင်းဖူးစေ့အသစ်များဝင်ရောက်နေပြီး တရုတ်သဘော်တင်ဝယ်လက်၊ မြဝတီနယ်စပ်နှင့် တိရစ္ဆာန်အစာတောင့်စက်ရုံများမှ ဝယ်ယူလျှက်ရှိသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၂၀၀၀ မှ ၄၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၉၀၀၀ မှ ၄၀၀၀၀၊ ယခင်လ ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ၊ ယခင်လထက်ကျပ် ၃၀၀၀ မြင့်တက်လာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၄၂၀၀၀ မှ ၄၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၉၀၀၀ မှ ၄၀၀၀၀၊ ယခင်လ ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ် ၊ ယခင်လထက်ကျပ် ၃၀၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၄၀၀၀၀ မှ ၄၀၅၀၀၊ ယခင်တစ်ပတ် ကျပ် ၃၇၀၀၀ မှ ၃၈၀၀၀၊ ယခင်လ ကျပ် ၄၃၀၀၀ မှ ၄၄၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၅၀၀ မှ ၃၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၃၅၀၀ နိမ့်ကျလာသည်။

**အထွက်တိုးပြောင်း(နီ)** ၅၃ ပိဿာဝင်သုံးတင်း တစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ်ကျပ် ၄၇၀၀၀မှ ၄၈၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ် ကျပ် ၄၂၀၀၀ မှ ၄၃၀၀၀၊ ယခင်လ ကျပ် ၄၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀၊ ယခင်လထက်ကျပ် ၁၀၀၀ မှ ၂၀၀၀ မြင့်တက်လာခဲ့သည်။

**Source:** ရတနာပုံကုန်သွယ်မှုဗဟိုဌာန

## ဩဂုတ် ၁၁ ရက်တွင် ပြင်ပဈေးကွက်၌ ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၅၀၀၀၀၀ ကျော်အထိ စံချိန်တင် ထပ်မံမြင့်တက်



https://news-eleven.com/article/235499

ဩဂုတ် ၁၁ ရက်တွင် ရွှေလုပ်ငန်းရှင်များအသင်းက ပြည်တွင်းရွှေဈေး ကျပ် ၂၀၈၆၀၀၀ သတ်မှတ်သော်လည်း ပြင်ပဈေးကွက်၌ ကျပ် ၂၅၀၀၀၀၀ ကျော်အထိ စံချိန်တင်ထပ်မံမြင့်တက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မတ် ၃၁ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်း အနေဖြင့် ၁၆ ပဲရည်အခေါက်ရွှေဈေးမှာ ကျပ် ၂၀၃၂၀၀၀ ဝန်းကျင်ရှိပြီး ၁၅ ပဲရည်ရွှေဈေးမှာ ကျပ် ၁၉၁၀၅၀၀ ဝန်းကျင်ရှိနေသည်။ မတ် ၇ ရက်တွင် ပြည်တွင်း ရွှေဈေးနှုန်းများမှာ ၁၆ ပဲရည်အခေါက်ရွှေဈေးနှုန်းမှာ ၁၉၉၁၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး၊ ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၀၀၀၀၀ ကျော်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ် လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ရှိခဲ့သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာအရောင်း အဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

လက်ရှိတွင် ရွှေအရောင်းဆိုင်များတွင် အဆိုပါ သတ်မှတ်ဈေးနှုန်းအား အရောင်းဘောက်ချာတွင်သာရေး၍ ရောင်းချခြင်းဖြစ်ပြီး လက်တွေ့ဝယ်ယူရာတွင် ပြင်ပပေါက်ဈေးဖြင့်သာ ပေးချေဝယ်ယူနေရခြင်းဖြစ်သည်။ ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေလုပ်ငန်းရှင်များမှ ဈေးကွက်တွင်မူ အဆိုပါဈေးဖြင့် ဝယ်ယူမရနိုင်ဘဲ ပြင်ပပေါက်ဈေးဖြင့်သာ ဝယ်ယူရောင်းချနေရသဖြင့် ယင်းကဲ့သို့ ရောင်းချနေရခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/235499

## ဩဂုတ်လဒုတိယပတ် မန္တလေးကုန်စည်ဒိုင်၏ ဆီထွက်သီးနှံဈေးနှုန်း ဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်၏ ဩဂုတ်လဒုတိယပတ် ဆီထွက်သီးနှံဈေးကွက်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**နှမ်းမှာ** ဈေးကွက်အဝင်မရှိသော်လည်း လှောင်လက်နှမ်းအဝယ်သွက်၍ ဈေးမြင့်လာသည်။

**နှမ်းဖြူ(ဂျပန်)**၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၂၃၀၀၀၀မှ ၂၄၀၀၀၀၊ ယခင်တစ်ပတ် ကျပ်၂၁၅၀၀၀မှ ၂၃၀၀၀၀၊ ယခင်လ ကျပ်၂၅၀၀၀၀မှ ၂၅၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၁၅၀၀၀မှ ၂၀၀၀၀ မြင့်တက်လာသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ်၂၀၅၀၀၀မှ၂၂၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၉၀၀၀၀မှ ၂၁၀၀၀၀၊ ယခင်လ ကျပ်၂၀၅၀၀၀မှ ၂၁၅၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ပိဿာ ဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၉၀၀၀၀မှ၁၉၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၇၀၀၀မှ ၁၉၀၀၀၀၊ ယခင်လကျပ် ၁၈၀၀၀၀မှ ၁၈၇၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀မှ ၅၀၀၀၊ ယခင်လထက် ကျပ် ၈၀၀၀မှ ၁၀၀၀၀ မြင့်တက်လာသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ်၁၉၀၀၀၀မှ ၂၅၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀မှ ၂၂၀၀၀၀၊ ယခင်လကျပ် ၂၂၀၀၀၀မှ ၂၆၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀မှ၃၅၀၀၀၊ ယခင်လထက် ကျပ် ၅၀၀၀မှ ၃၀၀၀၀ မြင့်တက်လာသည်။

**မြေပဲဆံမှာ** မန္တလေးကုန်စည်ဒိုင်သို့ မကွေး၊ နတ်မောက်နှင့် ကျောက်ပန်းတောင်းဘက်မှ အသစ်အနည်းငယ် ဝင်ရောက်လျှက်ရှိပြီး စျေးကွက်လက်ကျန် နည်းခြင်းကြောင့် စျေးများမြင့်တက်နေသည်။ လာမည့်ရက် သတ္တပတ်၂ပတ်၊ ၁လခန့်တွင်ဒေသစုံမှ မြေပဲထွက်ရှိမည်ဖြစ်ကြောင်း၊ မန္တလေးဆီစက်များအပြင် နီးစပ်ရာမြို့များရှိ ဆီစက်များကလည်း မန္တလေးစျေးကွက်မှ မြေပဲဆံများကိုဝယ်ယူမှုရှိနေကြောင်းသိရသည်။

**မြေပဲလုံးဆံ(ဖြူ)** တစ်ပိဿာစျေးမှာ ယခုတစ်ပတ်တွင် ကျပ် ၆၂၀၀မှ ၆၃၀၀၊ ယခင်တစ်ပတ် ကျပ်၆၂၀၀မှ ၆၃၀၀၊ ယခင်လ ကျပ်၄၇၀၀မှ ၄၉၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် အနိမ့်စ စျေးငြိမ်နေပြီး အမြင့်စ ၅၀ကျပ် မြင့်လာသည်။ ယခင်လထက် ကျပ် ၁၄၅၀မှ၁၅၀၀ မြင့်တက်လာသည်။

**မြေပဲ(ဆီဆံ)** တစ်ပိဿာစျေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၇၀၀မှ ၆၁၅၀၊ ယခင်တစ်ပတ် ကျပ် ၆၀၀၀မှ ၆၀၂၅၊ ယခင်လ ကျပ် ၄၅၀၀မှ ၄၇၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် အနိမ့်စ ကျပ်၃၀၀ စျေးနိမ့်လာပြီး အမြင့်စ ကျပ် ၁၂၅ စျေးမြင့်လာသည်။ ယခင်လထက် ကျပ် ၁၂၀၀မှ ၁၄၅၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## စက်သုံးဆီစျေးနှုန်းများ လေးရက်အတွင်း ပျမ်းမျှ ကျပ် ၅၀၀ အထိ မြင့်တက်လာပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ စစ်ကိုင်း အစရှိသည့်ဒေသများတွင် စက်သုံးဆီဝယ်ယူမရခြင်းများရှိနေကြောင်းသိရ

စက်သုံးဆီစျေးနှုန်းများ လေးရက်အတွင်း ကျပ် ၅၀၀ ကျော် မြင့်တက်လာပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ စစ်ကိုင်း အစရှိသည့်ဒေသများတွင် စက်သုံးဆီဝယ်ယူမရခြင်းများရှိနေကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

စက်သုံးဆီစျေးနှုန်းမှာ ဩဂုတ် ၁၁ ရက်တွင် ၉၂ တစ်လီတာလျှင် ကျပ် ၂၁၄၀၊ ၉၅ တစ်လီတာ ကျပ် ၂၂၁၀၊ ရိုးရိုးဒီဇယ် တစ်လီတာလျှင် ကျပ် ၂၄၄၀၊ ပရီမီယံ ဒီဇယ်တစ်လီတာ ၂၅၁၅ ကျပ်ဖြစ်သည်။

ဩဂုတ် ၇ ရက်တွင် အနိမ့်ဆုံးစျေးနှုန်းဟု ဆိုနိုင်သည့် စက်သုံးဆီစျေးနှုန်းများမှာ ၉၂ တစ်လီတာ ၁၆၁၅ ကျပ်၊ ၉၅ တစ်လီတာ ၁၆၆၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ၂၀၂၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာကျပ် ၁၉၇၀ ဖြစ်သည်။

ယင်းကြောင့် ငါးရက်အတွင်းစက်သုံးဆီ စျေးနှုန်းမှာ ၉၂ တစ်လီတာလျှင် ၅၂၅ ကျပ်၊ ၉၅ တစ်လီတာလျှင် ၅၄၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာလျှင် ၄၉၀ ကျပ်၊ ရိုးရိုးဒီဇယ် တစ်လီတာလျှင် ၄၇၀ ကျပ်သို့ မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။
စက်သုံးဆီစျေးနှုန်းများမှာ ဗဟိုဘဏ်က ငွေလဲနှုန်း တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ်သို့ တိုးမြင့်သတ်မှတ်လိုက်ပြီးနောက်တွင် စျေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။

ဩဂုတ် ၅ ရက်တွင် ဗဟိုဘဏ်က ငွေလဲနှုန်းကို ကျပ် ၂၁၀၀ သို့ တိုးမြင့်လိုက်ခြင်းကြောင့် စက်သုံးဆီစျေးနှုန်းများမှာ ဆက်လက်စောင့်ကြည့်ရမည့် အနေအထားတွင်ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လေးလကျော်ကြာ သတ်မှတ်ထားသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာ ကျပ်၁၈၅၀ ကို တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ စက်သုံးဆီကို သီရိလင်္ကာနိုင်ငံကြားခံ၍ တရုတ်နိုင်ငံမှ တင်သွင်းခြင်းမဟုတ်ဘဲ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံ တို့မှ အဓိကတင်သွင်းနေခြင်းဖြစ်သည်။

ပြည်တွင်းသုံးစွဲမှုအတွက် ပြည်ပမှ ရာခိုင်နှုန်း ၉၀ ခန့်တင်သွင်းနေရပြီး ၁၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းမှထုတ်လုပ်နိုင်သည်။ နိုင်ငံရေးအပြောင်းအလဲမဖြစ်ပေါ်မီက ၉၂ တစ်လီတာ ကျပ် ၆၂၀ ဝန်းကျင်၊ ၉၅ တစ်လီတာလျှင် ကျပ် ၇၅၀ ဝန်းကျင်သာရှိခဲ့သော်လည်း နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်အပြီး တစ်နှစ်နီးပါးခန့်အကြာတွင် စက်သုံးဆီ စျေးနှုန်းမှာ အဆပေါင်းများစွာ မြင့်တက်ခဲ့သည်။ စျေးနှုန်းများ မြင့်တက်လာသော်လည်း ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင်

စက်သုံးဆီဝယ်ယူမရခြင်းများရှိလာကြောင်း မော်တော်ယာဉ်မောင်းနှင်သူများထံမှသိရသည်။ "ဒီနေ့ဆီဈေးက ထပ်တက်တယ်။ ဒါပေမဲ့ ဆီသွားဝယ်ရင် ဝယ်လို့မရဘူး။ ဆီဆိုင်ဝန်ထမ်းတွေက လက်ကာပြတယ်။ စာတော့မရေးထားဘူး" ဟု ရန်ကုန်မြို့တွင်း မော်တော်ယာဉ်မောင်းနှင်သူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်များတွင် ရောင်းချခြင်းမရှိသည့် စက်သုံးဆီများကို ဆီဈေးနှုန်းဆိုင်းဘုတ်များတွင် ဖော်ပြထားခြင်း မရှိကြောင်း၊ ဆိုင်အချို့တွင် ဒီဇယ်ဆီသာရရှိပြီး ဓာတ်ဆီဝယ်ယူမရခြင်းများရှိကြောင်း သိရသည်။ "အများဆုံးမရှိတာက ၉၂ ပဲ။ ၉၂ က ဆိုင်တော်တော်များများမှာ မရတော့ဘူး။ အဲ့ဒါနဲ့ပဲ ၉၅ ထည့်လာရတယ်။ ၉၅ လည်း ဈေးက ၉၂ ထက်ပိုများတာကိုး။ ပိုက်ဆံပိုကုန်တာပေါ့" ဟု ရန်ကုန်မြို့တွင်း အငှားယာဉ်မောင်းနှင်သူတစ်ဦးက ပြောကြားသည်။

အလားတူ မော်လမြိုင်မြို့တွင်လည်း စက်သုံးဆီဝယ်ယူမရခြင်းများရှိနေကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။ ဩဂုတ် ၉ ရက်မှ စတင်ကာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ စက်သုံးဆီဆိုင်များမှာပိတ်ထားပြီး ရောင်းချရန် ဆီမရှိသည့်အခြေအနေများဖြစ်ပေါ်နေကြောင်း ဒေသခံများကပြောကြားသည်။ "ပြီးခဲ့တဲ့ ဩဂုတ် ၉ ရက် ညနေပိုင်းက စက်သုံးဆီဆိုင်အတော်များများ ပိတ်ကုန်တယ်။ ဆီပြတ်တယ်ပေါ့ဗျာ။ အဲဒီနေ့က ဓာတ်ဆီ – ၉၂ Ron က တစ်လီတာကို ၁၉၀၅ ကျပ်၊ ဓာတ်ဆီ – ၉၅ Ron ကမရှိဘူးလို့ ပြောတယ်။ ဩဂုတ် ၁၀ ရက်ကျတော့ စက်သုံးဆီဆိုင်တွေ ပိတ်တဲ့ဆိုင်ကပိတ်တယ်။ ဖွင့်တဲ့ဆိုင်မှာဆိုရင် ကားတွေရော၊ ဆိုင်ကယ်တွေရော အကြာကြီးတန်းစီကြရတယ်။ မြို့ပြင်က ဆိုင်တချို့မှာတော့ ဆီရသေးတယ်။ ညနေလောက်ရောက်တော့ ဆီဆိုင်အတော်များများ ပိတ်ကြတယ်။ ဒီနေ့ (ဩဂုတ် ၁၁ ရက်) မနက်မှာတော့ စက်သုံးဆီဆိုင်တွေ အတော်များများ ပြန်ဖွင့်ကြတယ်။ ဈေးနှုန်းက ၉၂ Ron က ၁၉၂၅ ကျပ်၊ ၉၅ Ron က ၂၀၀၅ ကျပ် ပြန်တက်သွားတယ်။ ဒါပေမယ့် တချို့စက်သုံးဆီဆိုင်တွေ ကားကို အကန့်အသတ်နဲ့၊ ဥပမာ အများဆုံး ငါးသောင်းကျပ်ဖိုးပေါ့။ အဲဒီလို ရောင်းနေကြတာ တွေ့ရတယ်" ဟု မော်လမြိုင်မြို့ခံတစ်ဦးကပြောကြားသည်။

ရန်ကုန်မြို့မှတစ်ဆင့် ကရင်ပြည်နယ် မြဝတီမြို့သို့ သွားရောက်ခဲ့သူတစ်ဦးကလည်း "မွန်ပြည်နယ်ဝင်ကတည်းက ၉၅ ထည့်မရဘူး။ ၉၂ ပဲရမယ်ဆိုတာနဲ့ ကားဆီကုန်တော့မယ်" ဟု ဩဂုတ် ၁၁ ရက်တွင် ခရီးသွားလာခဲ့ရသည့် အခြေအနေကို ဆက်သွယ်ပြောကြားသည်။

မန္တလေးမြို့တွင်လည်း စက်သုံးဆီဆိုင်အချို့တွင် စက်သုံးဆီဝယ်ယူမရခြင်းများ၊ ရောင်းချသည့်ဆိုင်များတွင်လည်း လိုသလောက်မရရှိဘဲ ဆိုင်မှရောင်းချပေးသည့် ပမာဏအတိုင်းသာ ဝယ်ယူရရှိကြောင်း မန္တလေးမြို့ခံများက ပြောကြားသည်။ " ဆိုင်ကယ်ဆိုရင် အရင်ရက်တွေကတည်းက တစ်စီးကို သုံးထောင်ဖိုးပဲထည့်လို့ ရတော့တယ်။ ဆိုင်ကယ်ဆီအပြည့်ထည့်တာ ဘယ်လောက်ရမှာမို့လို့လဲ။ အဲ့ဒါကို မရောင်းပေးနိုင်ဘူး။ တစ်စီးကို သုံးထောင်ဖိုးပဲရမယ်ပြောတယ်" ဟု မန္တလေးမြို့ခံ တစ်ဦးက ပြောကြားသည်။

မန္တလေးမြို့တွင် စက်သုံးဆီဆိုင်အချို့၌ ဒီဇယ်ဆီများကိုသာဝယ်ယူရရှိပြီး ဓာတ်ဆီများကိုမူ အလွယ်တကူ ဝယ်ယူမရကြောင်းသိရသည်။ "ဒီဇယ်ကတော့ရတယ်။ ခက်တာက ဓာတ်ဆီပဲ။ တချို့ဆိုင်တွေက ၉၂ မရရင် ၉၅ ရတယ်။ တချို့ဆိုင်တွေကျတော့ နှစ်မျိုးလုံးမရဘူး။ ညက ကားနဲ့လိုက်ထည့်တာ ဆိုင်ငါးဆိုင်လောက် ရှာလိုက်ရတယ်။ နောက်ဆုံး တစ်ဆိုင်မှ ၉၂ ရတယ်။ ဒါတောင် အပြည့်မရလိုက်ဘူး။ သုံးသောင်းဖိုးပဲရတယ်" ဟု မန္တလေးမြို့ရှိ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အလားတူ စစ်ကိုင်းမြို့တွင်လည်း စက်သုံးဆီလိုသလောက်ဝယ်ယူမရခြင်း၊ ဆိုင်အချို့ အရောင်းပိတ်ထားခြင်းများ ရှိသည်ဟု စစ်ကိုင်းမြို့ ဒေသခံများက ပြောကြားသည်။ " စစ်ကိုင်းမှာ ဒီနေ့ (ဩဂုတ် ၁၁ ရက်) ဆီဆိုင်တွေ ကုန်ပြီဆိုပြီး မရောင်းပါဘူး။ အရင်ရက်တွေကလည်း တန်းစီဝယ်ရတယ်။ ၃၀၀၀ ဖိုးပဲရောင်းပေးတဲ့ဆိုင်တချို့လည်း ရှိတယ်" ဟု စစ်ကိုင်းမြို့ခံတစ်ဦးက ဆိုသည်။

ဆီဈေးနှုန်းများမှာလည်း တစ်ဆိုင်နှင့်တစ်ဆိုင် တူညီခြင်းမရှိဘဲ သတ်မှတ်ဈေးနှုန်းထက် ၂၀ ကျပ်၊ ၂၅ ကျပ် မြင့်တက် ရောင်းချခြင်းများရှိသည်ဟု ဒေသခံများ၏ ပြောကြားချက်အရသိရသည်။ ထို့ပြင် ရှမ်းပြည်နယ်တောင်ကြီးမြို့တွင်လည်း စက်သုံးဆီပြတ်လပ်မှုများရှိနေပြီး လမ်းဘေးရှိ ဆီဆိုင်လေးများလည်း ပိတ်ထားရသည်မှာ သုံးရက်ကျော်ရှိနေပြီဖြစ်ကြောင်း၊

တောင်ကြီးမြို့တွင်းရှိ စက်သုံးဆီဆိုင်များမှာ မွန်းလွဲပိုင်းတွင် ရောင်းချစရာဆီမရှိတော့ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ “ တောင်ကြီးမှာ ဆိုင်ခွဲများတာက BOC ဆိုတဲ့ဆိုင်ပေါ့။ သူက သုံးလေးဆိုင်လောက်ရှိတယ်။ Denko ကကျတော့ မြို့ပြင်မှာပဲရှိတယ်။ BOC က နေ့လည်လောက်ဆို ဆီမရတော့ဘူး။ နေ့လည်ဆီဝယ်မယ်ဆို မြို့ပြင်ထွက်ဝယ်ရတယ်။ တခါတလေ သွားလာနေရင်းနဲ့ ဆိုင်ကယ်ဆီပြတ်လို့ လမ်းဘေးဆိုင်တွေမှာ ထည့်လို့ရတယ်။ အခုအဲ့ဒီဆိုင်လေး တွေလည်းပိတ်ထားတာ သုံးလေးရက် လောက်ရှိနေပြီ။ သူတို့လည်း ဆီရောင်းစရာကိုမရှိတော့တာ။ ဆီထည့်ချင်တယ်ဆိုရင် မြို့ပြင်ထွက်ရတယ်။ အသွားအပြန်နဲ့တင် ဆီကကုန်နေပြီလေ” ဟု တောင်ကြီးမြို့ခံတစ်ဦးက ပြောကြားသည်။

စက်သုံးဆီဈေးနှုန်းများမှာ ရန်ကုန်မြို့တွင် အသက်သာဆုံးဖြစ်ပြီး အခြားသောဒေသများတွင် သယ်ယူစရိတ် ထည့်သွင်းတွက်ချက်ရသောကြောင့် ရန်ကုန်တိုင်းတွင် ရောင်းချသည့်ဈေးနှုန်းထက်ပိုများကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

ယခင်ကာလက အခြားသောမြို့များ၌ စက်သုံးဆီဆိုင်များတွင် ရောင်းချရန်ဆီမရှိသော်လည်း လမ်းဘေးဆီဆိုင်များတွင် ဝယ်ယူရရှိနိုင်သော်လည်း လက်ရှိတွင်လမ်းဘေးဆိုင်များတွင်ပါ စက်သုံးဆီရောင်းချရန်မရှိသည့် အခြေအနေဖြစ်ကြောင်း နယ်မြို့ဒေသခံများထံမှ သိရသည်။

စက်သုံးဆီဈေးနှုန်းမှာ ၂၀၂၂ ခုနှစ် နှစ်စ ဇန်နဝါရီ ၄ ရက်တွင် ၉၂ တစ်လီတာ ၁၄၀၀ ကျော်သာရှိရာမှ ကျပ် ၂၁၀၀ ကျော်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/235512

## မကွေးကုန်စည်ဒိုင်တွင် တစ်ပါတ်အတွင်း နှမ်းမျိုးစုံဈေးများ မြင့်တက်လျှက်ရှိ

မကွေးတိုင်းဒေသကြီး ၊ မကွေးကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံအရောင်းအဝယ် ဖြစ်လျှက်ရှိပါသည်။ တစ်ပတ်အတွင်း ကာလတူ (၃.၈.၂၀၂၂)ရက်နေ့နှင့် နှိုင်းယှဉ်ပါက (၅.၈.၂၀၂၂)ရက်နေ့တွင် ဒေါ်လာရည်ညွှန်းဈေး ပြောင်းလဲသတ်မှတ်မှုနှင့်အတူ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းမျိုးစုံဈေးများ မြင့်တက်လျှက်ကြောင်း သိရှိရပါသည်။ နှမ်းနက်စမုံ(သစ်) (၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၂၇၀၀၀) ကျပ်ဈေး၊ ယခုတစ်ပတ် (၂၅၁၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၂၄၀၀၀)ကျပ်၊ နှမ်းဂွနက်(ရိုးရိုး) (၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၁၉၀၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၀၂၀၀၀) ကျပ်ဈေး ဖြစ်သည့်အတွက် (၁၂၀၀၀)ကျပ် ၊ နှမ်းဖြူ(မကွေး)သစ် (၄၅)ပိဿာ(၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၁၀၀၀၀)ကျပ်ဈေး၊ ယနေ့(၁၀.၈.၂၀၂၂) တွင် (၂၃၃၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၂၃၀၀၀)ကျပ်၊ နှမ်းနီ(၄၅)ပိဿာ(၁)အိတ်လျှင် ယခင်တစ်ပတ် တွင် (၁၉၈၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၁၂၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၁၄၀၀၀)ကျပ်၊ နှမ်းညိုကြား (၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၁၈၉၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ်(၂၀၅၀၀၀)ကျပ်ဈေး ဖြစ်သည့်အတွက်(၁၆၀၀၀)ကျပ်၊ နှမ်းဖြူ(ဂျပန်)(၄၅)ပိဿာ(၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၁၇၀၀၀)ကျပ် ဈေး၊ ယနေ့ (၂၃၈၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၂၁၀၀၀) ကျပ်တို့ အသီးသီးမြင့်တက်ပြီး အရောင်းအဝယ် ဖြစ်လျှက်ကြောင်းသိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ရွှေပိတောက်ငါးဈေးကြီးသို့ ရေထွက်ကုန်များ ပုံမှန်ဝင်ရောက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးနှင့် ကျန်သောတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရေထွက်ကုန်အဓိက တင်ပို့လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးကြီးသို့ ရေလမ်းကြောင်းမှ ရေထွက်ကုန်များ ပုံမှန်ဝင်ရောက်လျက်ရှိရာ ရေချိုငါးကုန်ပိဿာချိန် နေ့စဉ်ပျမ်းမျှကုန်ချိန် တစ်သောင်းခန့် ဝင်ရောက်လျက်ရှိပြီး တစ်လလျှင် ကုန်ပိဿာချိန် သုံးသိန်း၊ ရေငန်ငါးကုန်ပိဿာချိန်ခုနစ်သောင်းနှင့် တစ်သိန်းဝန်းကျင် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဒီလကတော့ ရေထွက်ကုန်ဝင်ရောက်မှုမှာ ကုန်ပိဿာချိန်နည်းသွားတယ်။ ရေလမ်းကတော့ ပုံမှန်ဝင်နေပါတယ်။ အခုရာသီက ငါးကြင်းရှားတဲ့ ရာသီဖြစ်တာကြောင့်လည်းပါတယ်။ သီတင်းကျွတ်ပြီးလောက် ဆိုရင်တော့ ပြန်ပြီးတော့ အဝင်များလာမယ်လို့ ထင်ပါတယ်။ ရေငန်ရေထွက်ကုန်ကတော့ တစ်လကိုနှစ်ကြိမ် ပုံမှန်ဝင်ပါတယ်။ ရေချို

ရေထွက်ကုန်ကတော့ တွံတေးဘက်က ငါးမွေးကန်တွေကတစ်ဆင့် ရေကြောင်းကနေဝင်ပါတယ်။ အဝင်နည်းရတဲ့ အကြောင်းက လုပ်သားရှားပါးတာရယ်၊ သယ်ယူစရိတ် မြင့်တက်နေတာတွေလည်း ပါပါတယ်ဟု ရွှေပိတောက်ငါးဈေးဆိပ်ခံ တံတားတွင် တာဝန်ယူ ဆောင်ရွက်နေသည့် MFP ကုမ္ပဏီမှတာဝန်ခံ ကိုအောင်ကောင်းကျော်ကပြောသည်။

ရွှေပိတောက်ငါးဈေးသို့ ရေငန်ရေထွက်ကုန်အဖြစ် ငါးသေတ္တာငါး၊ ငါးတံခွန်၊ ငါးနှပ်၊ ပုစွန်အစရှိသည့် ရေထွက်ကုန်များ ဝင်ရောက်ပြီး ရေချိုရေထွက်ကုန်အဖြစ် ငါးကြင်း၊ ရေချိုငါးမုတ်၊ ငါးခုံးမ၊ ငါးမြစ်ချင်း၊ ငါးတန်အစရှိသည့် ရေထွက်ကုန်များ ဝင်ရောက်လျက်ရှိသည်။ နေ့စဉ်နံနက် ၄ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်တိုင်းအတွင်းရှိ လက်လီရောင်းချပေးနေသည့် ဈေးများ၊ တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသများသို့ ခရီးသည်ပို့ဆောင်သောယာဉ်နှင့် ကုန်စည်ပို့ဆောင်သော ယာဉ်များဖြင့် ဒေသခံပြည်သူများစားသုံးနိုင်ရန် ရန်ကုန်ဒိုင်နှင့် နယ်ကုန်သည်တို့ချိတ်ဆက်၍ ရေထွက်ကုန်များ နေ့စဉ်တင်ပို့လျက်ရှိသည်။

ရွှေပိတောက်ငါးဈေးသည် ၈ ဒသမ ၁၂၂ ဧကကျယ်ဝန်းပြီး ဈေးရုံပေါင်းရှစ်ရုံတွင် ဆိုင်ခန်းပေါင်း ၄၄၄ ခန်းနှင့် ပျံကျဆိုင်ခန်းငယ်ပေါင်း ၁၀၀ ကျော်ဖြင့် ရေထွက်ကုန်ရေချို၊ ရေငန်ငါးအမျိုးအစား၂၀ ခန့်ကို ပြည်တွင်းသာမက တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုလည်း တင်ပို့ရောင်းချနေပြီး ငါးဒိုင်၊ ဆိုင်လုပ်သား၊ ပျံကျဈေးသည်တို့ကို အလုပ်အကိုင်များ ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29117

## အောင်လံကုန်စည်ဒိုင်တွင်တစ်ပတ်အတွင်းပဲမျိုးစုံဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်းကာလတူ (၃.၈.၂၀၂၂) ရက်နေ့ ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အရည်အသွေးနှင့် ဝယ်လိုအားကြောင့် ပဲမျိုးစုံဈေးများ မြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။ ပဲစဉ်းငုံနီ (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၄၉၁၀၀)ကျပ်၊ ယခုတစ်ပတ်(၆၀၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၀၉၀၀)ကျပ်၊ ပဲတီစိမ်း(၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၄၃၀၀၀)ကျပ် ယခုတစ်ပတ်(၄၈၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၅၀၀၀)ကျပ်၊ မတ်ပဲ(၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၃၀၀၀)ကျပ် ယခုတစ်ပတ်(၅၈၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၅၀၀၀)ကျပ်၊ ကုလားပဲ(HL) (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၂၀၀၀)ကျပ် ယခုတစ်ပတ် (၅၆၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၄၀၀၀)ကျပ်၊ ကုလားပဲ(မြကြေး) (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၂၀၀၀)ကျပ် ယခုတစ်ပတ်(၅၆၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက်(၄၀၀၀)ကျပ်၊ ဘိုကိတ်ပြာ (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၃၄၀၀၀)ကျပ် ယခု တစ်ပတ်(၃၇၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၃၀၀၀)ကျပ်၊ ပဲကြီး(၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၇၀၀၀၀)ကျပ် ယခုတစ်ပတ်(၇၁၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၀၀၀)ကျပ်တို့ အသီးသီးဈေးတက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## အမေရိကန်ကုမ္ပဏီတစ်ခုမှ အသားတင်သွင်းမှုကို တရုတ်ရပ်ဆိုင်း


Source: Popular News Journal

နိုင်ငံတွင်းသို တင်ပို့သည့် အမဲသားများတွင် တားမြစ်ထားသော ဓာတုပစ္စည်း တွေ့ရှိပြီးနောက် အမေရိကန်ကုမ္ပဏီ တစ်ခုမှ အသားတင်သွင်းမှုအားလုံးကို တရုတ်က ရပ်ဆိုင်းလိုက်ကြောင်း တရုတ်အကောက်ခွန်အာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

တိရစ္ဆာန်ဖြည့်စွက်အစာများတွင် ထည့်သွင်းအသုံးပြုသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်သော Ractopamine ကို အမေရိကန်ကုမ္ပဏီ King Meat Service မှ တင်ပို့သည့် အသားများတွင် တွေ့ရှိခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

တရုတ်နိုင်ငံသည် ကြာသပတေးနေ့မှ စတင်ကာ ယင်းကုမ္ပဏီမှ အသားထုတ်ကုန်များ တင်ပို့မှုကို ရပ်ဆိုင်းလိုက်ပြီ ဖြစ်သည်။ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံအကောက်ခွန်အာဏာပိုင်အဖွဲ့က အမေရိကန် စိုက်ပျိုးရေးဌာနသို့ အကြောင်းကြားထားကြောင်းသိရသည်။

**Ref: Chinese customs suspend beef imports from U.S. firm**

**Source: Popular News Journal**

## အိန္ဒိယ၏ ဝယ်လိုအားမြင့်တက်လာမှုကြောင့် မတ်ပဲနှင့်ပဲစဉ်းငုံဈေးနှုန်း အတက်ဘက်သို့ဦးတည်လာ



Source: Popular News Journal

အိန္ဒိယက မတ်ပဲဝယ်လိုအား မြင့်လာသည့်အတွက် မတ်ပဲနှင့်ပဲစဉ်းငုံဈေးနှုန်း အတက်ဘက်သို့ ဦးတည်လာကြောင်း ပြည်တွင်းပဲဈေးကွက်အတွင်းမှ သိရသည်။ အိန္ဒိယနိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲစဉ်းငုံနှင့် မတ်ပဲစိုက်ကေအချို့ ရေနစ်မြုပ်ပျက်စီးမှုများရှိနေသည့်အတွက် ဝယ်လိုအားမြင့်တက်လာနိုင်ခြေရှိကြောင်း သုံးသပ်မှုများရှိနေသည်။

ဩဂုတ်လ (၁၀) ရက်ပေါက်ဈေးအရ မတ်ပဲ (FAQ/RC) (2022 Crop) (၁) တန်လျှင် ၁၇၉၂၀၀၀ ကျပ်၊(SQ/RC) (2022 Crop) (၁) တန်လျှင် ၂၁၀၂၀၀၀ ကျပ်နှင့် ပဲစဉ်းငုံ(Red/RC) (2022 Crop) (၁) တန်လျှင် ၁၈၉၅၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။

ပြီးခဲ့သည့် လဆန်းပိုင်းအတွင်းက ဖြစ်ပေါ်ခဲ့သည့်ဒေါ်လာဈေးနှုန်း မတည်ငြိမ်မှုကြောင့် အိန္ဒိယ၏ မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲမျိုးစုံ ဝယ်လိုအား ကျဆင်းခဲ့သည့်အတွက် မတ်ပဲနှင့် ပဲစဉ်းငုံဈေးနှုန်း အကျဘက်သို့ ရောက်ခဲ့သော်လည်း ငွေကြေးဈေးနှုန်း တည်ငြိမ်စပြုလာပြီဖြစ်သဖြင့် ပဲဝယ်လိုအားလည်း ပြန်လည် မြင့်တက်လာမည့် အခြေအနေရှိနေကြောင်းသိရသည်။ " မတ်ပဲရော ပဲစဉ်းငုံရောက ဈေးနှုန်း အတက်ဘက်ကို သွားနေတယ်။ ဒီလထဲ ဝယ်လိုအား နည်းနည်းမြင့်လာတယ် ။ ပြီးခဲ့တဲ့လကုန်ပိုင်းနဲ့ ဒီဘက်လဆန်းပိုင်းမှာ အဝယ်နည်းနည်းအေးတယ်။ နောက်တစ်ခုက သူတို့ဆီမှာ မိုးများပြီး စိုက်ကေအချို့ ပျက်စီးကုန်တာလည်းပါတယ်။ ပြီးတော့ ပဲလက်ကျန် နည်းနေတာလည်းပါတာပေါ့။ ထပ်တက်ဦးမယ့် သဘောတော့ ရှိပါတယ်" ဟု အိန္ဒိယသို့ မတ်ပဲနှင့်ပဲစဉ်းငုံတင်ပို့နေသည့် စစ်ကိုင်းတိုင်းအတွင်းမှ ပဲကုန်သည်တစ်ဦးကပြောသည်။

အိန္ဒိယ အစိုးရအနေဖြင့် လက်ရှိတွင် နိုင်ငံတွင်းက ပဲတင်သွင်းသူ ကုန်သည်များနှင့် ရောင်းလက်များထံက မတ်ပဲ တန်ချိန် (၂၀၀၀) ကျော် ဝယ်ယူရန် တင်ဒါခေါ်ယူထားပြီး ရောင်းချလိုသူများအနေဖြင့် ယခုလ(၁၇) ရက်နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းလည်း အိန္ဒိယသတင်းရင်းမြစ်များ၏ ပြောစကားကို ကိုးကားပြီး အဆိုပါ ကုန်သည်ကပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအစောပိုင်းတွင် (၁) တန်လျှင် (၁၆)သိန်းဝန်းကျင်အထိ အကျဘက်သို့ ရောက်ရှိခဲ့သည့် မတ်ပဲ (FAQ/RC) ဈေးနှုန်းသည် ဩဂုတ်လ ဒုတိယပတ်အတွင်း (၁၇) သိန်းကျော်အထိ ဈေးနှုန်းအမြင့်ဘက်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဩဂုတ်လ (၉) ရက် ရန်ကုန် ဘုရင့်နောင်ဈေးကွက် ပေါက်ဈေးအရ မတ်ပဲ FAQ/RC တစ်တန်လျှင် ငွေကျပ် ၁,၇၈၇,၀၀၀ နှင့် ပဲစင်းငုံ Red/RC တစ်တန်လျှင် ကျပ် ၁,၈၇၀,၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ပဲစိုက်ပျိုးမှုနှုန်းအနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ဧက ခြောက်သန်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် ဧက လေးသန်းနှင့် ကမ်းရိုးတန်းနှင့်တောင်ကုန်းဒေသများတွင် ဧက တစ်သန်းခန့်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန သတင်းအချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် တန်ချိန် ၁ ဒသမ ၇၅ သန်း ကန်ဒေါ်လာ ၁,၃၂၄ ဒသမ ၂၇ သန်းတင်ပို့ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမလေးလတွင် မတ်ပဲနှင့်ပဲမျိုးစုံတန်ချိန် ၅၅၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source: Popular News Journal**

## ပခုက္ကူကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်းနှမ်းညိုနှင့် ပဲတီစိမ်းသေး ဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံတို့ အရောင်းအဝယ် ဖြစ်လျှက်ရှိရာ တစ်ပတ်အတွင်းကာလတူ (၃.၈.၂၀၂၂)ရက်နေ့နှင့် နှိုင်းယှဉ်ပါက နှမ်းညို(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၆၁၀၀၀) ကျပ်ဈေး၊ ယနေ့(**၁၀.၈.၂၀၂၂** )(၆၄၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၃၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၄၅၅၀၀)ကျပ်ဈေး၊ ယနေ့ (**၁၀.၈.၂၀၂၂**)(၄၉၅၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၄၀၀၀)ကျပ်တို့ ဈေးမြင့်တက်ကာ အရောင်းအဝယ် ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ပြည်ပဝယ်လိုအားကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်တွင် နံနံစေ့များ ဈေးနှုန်းမြင့်တက်လာ

ယခုရက်ပိုင်းအတွင်း ပြည်ပဝယ်လိုအား ကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်တွင် ဟင်းခတ် အမွှေး အကြိုင်အဖြစ် အသုံးပြုသည့် နံနံစေ့များ ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

နံနံစေ့ဈေးနှုန်းမှာ ဖေဖော်ဝါရီလက တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀ သာရှိခဲ့ရာမှ ယနေ့(၁၀.၈.၂၀၂၂)တွင် တစ်တင်းလျှင် ငွေကျပ် ၃၃၀၀၀ ထိ မြင့်တက်ခဲ့ကြောင်း၊ ထို့ပြင် အရောင်းအဝယ်မှာလည်း ပြည်ပဝယ်လိုအား ကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဝယ်လိုအားများပြားလျက်ရှိပြီး၊ နံနံစေ့ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

"နံနံစေ့သီးနှံကတော့ ပြည်ပနိုင်ငံတွေက ဝယ်လိုအားကောင်းလာတာကြောင့် ဒီရက်ပိုင်းမှာ မကြုံစဖူး ဈေးတွေ မြင့်တက်လာတယ်။ နံနံစေ့က ဟင်းခတ်အမွှေးအကြိုင်ပြုလုပ်တဲ့နေရာမှာ အဓိကပါဝင်ပါတယ်။ ပြည်တွင်းသုံးစွဲမှုရှိသလို ပြည်ပကိုလဲ နှစ်စဉ်ပို့ဆောင်နေရပါတယ်။ နံနံစေ့က မြန်မာနိုင်ငံအနှံ့အပြားမှာ ရာသီမရွေး စိုက်ပျိုးလို့ရတယ်။ အထက်အညာ ဒေသမှာတော့ နံနံစေ့ကို ဆောင်းသီးနှံအနေနဲ့ အဓိကထား စိုက်ပျိုးပါတယ်။ အခုအချိန်မှာ နံနံစေ့က မန္တလေးဈေးကွက်ထဲမှာ တက်ဈေးတွေနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ဦးစိုးဝင်းမြင့်ကပြောပြသည်။

လက်ရှိတွင် မန္တလေးဈေးကွက်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ မြင်းမူ၊ မြစ်သား၊ ကျောက်ဆည်၊ တောင်သာ မြို့နယ်တို့မှ နံနံစေ့များ ဝင်ရောက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် သီးနှံများထဲတွင် နံနံစေ့သာမကဘဲ စမုန်စပါးနှင့် စမုန်နက်သီးနှံများလည်း ထွက်ရှိကြောင်း ၎င်းက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များက ဝါးပတ္တလားတူရိယာပုံစံငယ်များ မှာယူလျက်ရှိ



Source: ရတနာပုံသတင်းစာ

ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များက ဝါးပတ္တလားတူရိယာ ပုံစံငယ်များကို မှာယူ လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များရှိပြီး အဆိုပါ အရောင်းဆိုင်များက မြန်မာအမှတ်တရပစ္စည်းများကို မှာယူလေ့ ရှိကြောင်း၊ ယခုလဆန်းပိုင်းတွင် ဝါးပတ္တလားတူရိယာပုံစံငယ်လေးများကို မှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ် ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် တင်ပို့ပေးရမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပမှာရှိတဲ့ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးကနေ မြန်မာနိုင်ငံက အမှတ်တရလက်ဆောင်ပစ္စည်းတွေကို တင်ပို့ပေးနေရပါတယ်။ ကိုဗစ်ကာလမှာ ရပ်သွားပြီးတော့ ၂၀၂၁ ခုနှစ် အောက်တိုဘာလကစပြီး ပြန်ပို့ရပါတယ်။ သူတို့ အဓိကမှာတာကတော့ ပန်းပုရုပ်လေးတွေနဲ့ ပန်းချီကားတွေ၊ ရုပ်သေးတွေ၊

မြန်မာတူရိယာ ပုံစံငယ်လေးတွေဖြစ်ပါတယ်။ ဒီလထဲမှာတော့ အလျား ငါးလက်မ၊ အလျား ရှစ်လက်မ၊ အလျား ၁၀ လက်မ ရှိတဲ့ ဝါးပတ္တလားပုံစံငယ်လေးတွေ မှာထားပါတယ်။ အသားကတော့ ပိတောက်သား၊ ယမနေသားဖြစ်ပါတယ်။ ဒီလမကုန်ခင် ဝါးပတ္တလားအခုရေ ၂၀၀ တင်ပို့ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ဝါးပတ္တလားတစ်ခုက အရွယ်အစားကို လိုက်ပြီးတော့ ငွေကျပ် ၈၀၀၀ ကနေ ငွေကျပ် ၁၅၀၀၀ ထိဖြစ်ပါတယ်" ဟု မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## STOCK EXCHANGE (12.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 6,900 | 7,000 | 6,900 | 156 | 1,091,800 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,500 | 2,450 | 3,427 | 8,400,600 | 38,929,150 | 95,376 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 3 | 20,700 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 13 | 234,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,400 | +50 | +2.13% | 2,300 | 2,400 | 2,300 | 499 | 1,148,000 | 19,977,223 | 47,945 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |

### Market summary

As of 12th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 329.94 | +3.08 | +0.94% | 326.29 | 329.94 | 326.29 | 4,099 | 10,900,100 | 7 | 573,976 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 12th Aug. 2022

| MYANPIX | 329.94 ▲ 3.08 |
|---|---|
| Total Volume (shares) | 4,099 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 573,976 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR